**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

ပထမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမ အတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိ အမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ လိုက်ဆိုပါ။

"ကျွန်ုပ် - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၅၇)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား

လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ၁၆-၁၁-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ မျက်စိခွဲစိတ်ကုသမှုခံယူ။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးမာန်လောမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။

ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဖခင်ဖြစ်သူ၏ နာရေးကိစ္စ။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်တို့နှင့် ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်တို့ ဖြစ်ကြပါတယ်။

ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ မဲဆန္ဒရှင်ပြည်သူများရဲ့ အခက်အခဲများ၊ လိုလားချက်များ၊ တောင့်တချက်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစတဲ့ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒတွေကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အဲဒီလို ပြည်သူတွေရဲ့ လိုလားချက်ဆန္ဒနဲ့ အခက်အခဲတွေကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်းမှာ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမယ့် ကော်မတီလုပ်ငန်းများနဲ့ ဆက်စပ်ပြီး ဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်တဲ့ အကြောင်းပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးကို တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံစွာနဲ့ မဲဆန္ဒရှင် ပြည်သူအများအကျိုး၊ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ တာဝမ်တီးကျေးရွာအုပ်စု ရှော်မိုနိုက်နှင့် လုံထန်ကျေးရွာအုပ်စု၊ အိုက်ကျော်ကျိုင်း အခြေခံပညာ မူလတန်းကျောင်းတို့ကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့် ချမှတ်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ တာဝမ်တီးကျေးရွာအုပ်စု ရှော်မိုနိုက်နှင့် လုံထန် ကျေးရွာအုပ်စု၊ အိုက်ကျော်ကျိုင်း အခြေခံပညာ မူလတန်းကျောင်းတို့ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့် ချမှတ်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင် ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ဤမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်များကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံသို့ ၂၆-၈-၂၀၁၆ ရက်နေ့တွင် ကျွန်တော် ကိုယ်တိုင် တင်ပြထားခဲ့ပြီးဖြစ်ပါတယ်။ လိုအပ်လျက်ရှိတဲ့ ကျောင်းဆောင်သစ်များကို ဝန်ကြီးဌာနမှ အလျင်အမြန် ဆောင်ရွက်ပေးနိုင်မည်ဟုလည်း ကျွန်တော်ယုံကြည်ထားပါတယ်။ ကျွန်တော့်အနေနဲ့ အထူးမေတ္တာရပ်ခံ တင်ပြလိုတာကတော့ ကျွန်တော်တို့ ကိုးကန့်ဒေသတစ်ခုလုံး ပညာရေးကဏ္ဍမှာ နိမ့်ကျခဲ့ရပြီး မြန်မာစာ၊ မြန်မာစကားတတ်ကျွမ်းမှု အထူးအားနည်းလှပါတယ်။ နှစ်ပေါင်းရာချီ ခေတ်နောက်ကျဖြစ်ခဲ့ရသော ကိုးကန့်ဒေသပညာရေး လုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ တပ်မတော်အစိုးရနဲ့ ငြိမ်းချမ်းရေးရယူပြီး သည်အထိမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော် ယနေ့အထိတိုင် ပညာရေး ကဏ္ဍများကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ တင်ပြ မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁)က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်၊ တာဝမ်တီးကျေးရွာအုပ်စု ရှော်မိုနိုက်နှင့် လုံထန်ကျေးရွာအုပ်စု၊ အိုက်ကျော်ကျိုင်း အခြေခံပညာ မူလတန်းကျောင်းတို့ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့် ချမှတ် ပေးနိုင်မည်နည်း၊ မေးခွန်း(၂) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင် ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဟင်းစနဲ အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၄၀ x ၃၀) ပေ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဟင်းစနဲ အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၄၀ x ၃၀)ပေ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီနေ့ ကျွန်တော်မေးမြန်းသွားမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ဟင်းစနဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဟင်းစနဲကျောင်းကို ၁၉၆၂ ခုနှစ်တွင် မူလ တန်းကျောင်းအဖြစ် ကိုယ်ထူကိုယ်ထ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် အလယ်တန်းကျောင်းအဆင့်နှင့် ၂၀၁၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအချိန်အထိ ဆိုပါလျှင် နှစ်ပေါင်း (၅၄)နှစ်ခန့် ကြာခဲ့ပါပြီ။ ကျောင်းဆောင်သစ်များ ခိုင်ခန့်မှု မရှိတော့သလို ကျောင်းသားဦးရေ များပြားလာသဖြင့် ကျောင်းဆောင်များ လိုအပ်လျက်ရှိပါတယ်။ အခြေခံပညာ အထက်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားခွင့်ရပေမယ့်လို့ အခြေခံအဆောက်အဦများအတွက် ကျောင်းသားမိဘများ က တာဝန်ယူနေရသဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။ နိုင်ငံတော်အနေနဲ့လည်း မည်သည့်ကျောင်းဆောင်ကိုမျှ ဆောက်လုပ်ပေးခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လိုအပ်လျက်ရှိသော (၁၄၀ x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်အား နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ် ပေးမည်ကို မဲဆန္ဒရှင်များ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် အန္တရာယ်ရှိ ကျောင်းဆောင်ကြီးကို ဖျက်သိမ်းပြီး လာမည့်စာသင်နှစ်အမီ ကျောင်းဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ် ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် အန္တရာယ်ရှိ ကျောင်းဆောင်ကြီးကို ဖျက်သိမ်းပြီး လာမည့်စာသင်နှစ်အမီ ကျောင်းဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါတယ်ခင်ဗျား။ **ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဝင်း ဖြစ်ပါတယ်။ ကော့သောင်းမြို့နယ်က ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်အတွင်းမှာရှိတဲ့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အ.ထ.က(၁) အေးရိပ်ငြိမ်ကျောင်းကြီးဟာ ကွန်ကရစ် RC နှစ်ထပ်ကျောင်းဆောင်တစ်ခု ဖြစ်ပါတယ်။ ဒီကျောင်းကြီးဟာ အချိန်မရွေးပြိုကျနိုင်တဲ့ အန္တရာယ် အမှန်တကယ်ပဲ ရှိနေပါသဖြင့် ဒီနှစ် ကျောင်းပိတ်ရာသီ ဤကျောင်း ဆောင်ကြီးအား ဖျက်သိမ်းပြီး ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။**

**ဒီကျောင်းဆောင်ကြီးဟာ ၁၉၉၄ ခုနှစ်က စတင်ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ နှစ်ပေါင်း(၂၁)ခန့်သာ ရှိသေးသည့်မှာ မှန်ပေမယ့်လို့ ဆောက်လုပ်စဉ် အချိန်အခါက သဘာဝမြေမာ မလုံ လောက်တဲ့အတွက် ဖို့မြေပေါ်တွင် တစ်ပိုင်းကို အဆောင်ရဲ့ သုံးချိုးတစ်ချိုးလောက်တင်ပြီး ဆောက်ထား ရတယ်။ နောက်တစ်ချက်က အရည်အသွေးပြည့်ဝမှု မရှိခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းခြင်း တို့ကြောင့် (၁၀)နှစ်အကြာမှာ ဖို့မြေက နိမ့်ကျသွားတယ်။ (၆)လက်မလောက် နိမ့်ကျသွားတဲ့အတွက် ကြောင့် ကျောင်းဆောင်ကြီးဟာ နိမ့်ကျပြီးတော့ တစ်ဖက်ကို ယိုင်ဆင်းသွားပါတယ်။ ဆက်လျက် ကျောင်းဆောင်ပါ ယိုင်ဆင်းသွားတဲ့အပြင် အပေါ်က အမိုးကွန်ကရစ်ခင်းပြားများကလည်း မိုးရေတင် ရေအိုင်တွေထွန်းပြီး ကွန်ကရစ်တွေဟာ ပျက်စီးယိုယွင်းနေပါတယ်။ ပြုပြင်ထိန်းသိမ်းလို့ မရလောက် အောင် ပျက်စီးနေပါပြီ။ နံရံများ၊ RC ကြမ်းခင်းပြင်များက အက်ကြောင်းကြီးများနှင့် ပေါ်နေပြီး ဘင့်တန်းတွေ၊ တိုင်တွေကလည်း သံချေးတွေတက်နေပါတယ်။ အင်္ဂတေတွေက အဖတ်လိုက် အဖတ်လိုက် ကွာကျပြီးတော့ ဒီဘင့်တိုင်တွေကလည်း တွန့်ခေါက်နေတာကို တွေ့ရှိရပါတယ်။ မိုးသက်လေပြင်းကျတဲ့ အချိန်မျိုးဆိုရင် ဒီကျောင်းကြီးဟာ လှုပ်နေတယ်။ ဆီအုန်းကားကြီးတွေ လမ်းမပေါ်မှာ သွားပြီးတဲ့အချိန်မှာ တုန်ခါမှုကို ခံစားရပါတယ်။ ဒီအတွက် ဒီကျောင်းဆောင်မှာ စာသင်ကြားနေကြတဲ့ ဆရာ၊ ဆရာမများနှင့်**

**ကျောင်းသား၊ ကျောင်းသူ အများစုဟာဆိုရင် အမြဲတမ်းပဲ စိုးရိမ်ထိတ်လန့်စွာဖြင့် စာသင်ကြားနေရတာ ကြာလှပါပြီ။**

**ဒါကြောင့် ကျွန်တော့်အနေနဲ့ ဤအန္တရာယ်ရှိကျောင်းဆောင်ကြီးအား ဖျက်သိမ်းပြီးတဲ့အခါမှာ ဆိုရင် ဒီကျောင်းစာသင်နှစ်အမီပေါ့၊ အချိန်မီကို ပြန်လည်ပြီးတော့** RC **နှစ်ထပ်ကျောင်းဆောင်ကြီးကို ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကလည်း မည်ကဲ့သို့ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။** အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ **(ဩဘာသံများ)**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြစ်ပြီး ယနေ့ စတင်ကျင်းပ တဲ့ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ လွှတ်တော် ကိုယ်စားလှယ်ကြီးများမေးမြန်းတဲ့ မေးခွန်းတွေကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ ရှမ်းပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်နိုင်ရဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ တာဝမ်းတီးကျေးရွာအုပ်စု၊ ရှော်မိုနိုက်နှင့် လုံထန်ကျေးရွာအုပ်စု၊ အိုက်ကျော်ကျိုင်း အခြေခံပညာမူလတန်းကျောင်းတို့ကို မည်သည့်ဘဏ္ဍာရေး နှစ်တို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့် ချမှတ်နိုင်မည်ကို ဖြေကြားဖို့ ရှိပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ပညာရေးကဏ္ဍ အဆင့် မြှင့်တင်ပေးနိုင်မယ့် အစီအစဉ်များကို မေးမြန်းထားခြင်းနဲ့ စပ်လျဉ်းလို့လည်း ရှင်းလင်းတင်ပြမှာ ဖြစ်ပါကြောင်း ဦးစွာ အစီရင်ခံ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီ ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့ ပါဝင်ကြောင်း ရှေးဦး တင်ပြလိုပါတယ်။ လောက်ကိုင်မြို့နယ်၊ တာဝမ်းတီးကျေးရွာအုပ်စု၊ ရှော်မိုနိုက် အခြေခံပညာမူလတန်းကျောင်းနှင့် လုံထန်ကျေးရွာအုပ်စု၊ အိုက်ကျော်ကျိုင်း အခြေခံပညာမူလတန်း ကျောင်းများအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရန် ယခုလာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် လုပ်ငန်းထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြပါတယ်။

ဒီ ဒုတိယမေးခွန်းဖြစ်တဲ့ လောက်ကိုင်မြို့နယ်အတွင်း ပညာရေးမြှင့်တင်မှုလုပ်ငန်းများနဲ့ ပတ်သက်၍ ကျွန်တော် ဆက်လက် အစီရင်ခံပါ့မယ်။ ယခုလက်ရှိ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ လောက်ကိုင်မြို့နယ်အတွင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းပေါင်း (၁၁၀)ရှိပါတယ်။ သို့သော် လက်ရှိ နယ်မြေအခြေအနေအရ ကျောင်းပေါင်း (၆၈)ကျောင်းကိုသာ ပြန်လည်ဖွင့်လှစ်နိုင်တဲ့ အနေအထားဖြစ်ပြီး လက်ရှိအားဖြင့် ဒီ ထက်၊ လယ်၊ မူ ဆရာ၊ ဆရာမ သင်ကြားရေးဝန်ထမ်း (၃၈၉)ဦး၊ ထက်၊ လယ်၊ မူ ကျောင်းသား၊ ကျောင်းသူပေါင်း(၉၆၀၄)ဦးဖြင့် ပညာသင်ကြား ဆောင်ရွက်ပေးလျက် ရှိပါကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြအပ်ပါတယ်။ ဒီ နောက်တစ်ခု ကုန်းကြမ်းမြို့နယ်အတွင်း မှာလည်း ကျွန်တော်တို့ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း (၁၀၃)ကျောင်း ရှိပါတယ်။ ဒီ လက်ရှိနယ်မြေအခြေအနေအရ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်း (၄၁)ကျောင်းကို ကျွန်တော်တို့ ဖွင့်လှစ်သင်ကြားနေပါတယ်။ အဲဒီမှာ ဆရာ၊ ဆရာမပေါင်း (၂၄၁)ဦး၊ ကျောင်းသူ၊ ကျောင်းသားပေါင်း (၃၇၇၄)ဦးဖြင့် ပညာသင်ကြားမှုများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နယ်မြေအခြေအနေအရ နယ်မြေအေးချမ်း တည်ငြိမ်မှု တိုးတက်လာသည်နှင့်အမျှ ကျွန်တော်တို့ ပညာရေးကဏ္ဍအားလုံးအတွက် ဒီ အခြား ပြည်နယ်နဲ့ တိုင်းဒေသကြီးများနည်းတူ တိုးမြှင့် ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း တင်ပြအစီရင်ခံပါ တယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်းရဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ဟင်းစနဲ အခြေခံပညာအထက်တန်း ကျောင်းတွင်(၁၄၀ x ၃၀)ပေ နှစ်ထပ်စာသင်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းအား ဆက်လက် တင်ပြခွင့်ပြုပါခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အနေနှင့် လာမည့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထား ချက်များကို မာန်အောင် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွက် ငွေကျပ်(၁၀၂)သန်း လျာထား ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ဟင်းစနဲ အခြေခံ ပညာအထက်တန်းကျောင်းအနေနဲ့ လက်ရှိပညာသင်ကြားနေတာ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၇၇၀)ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ စာသင်ဆောင်အားဖြင့် (၁၅၀ x ၃၀ )ပေ တစ်ထပ် ဆောင်(၁)ဆောင်၊ (၅၄ x၂၄)ပေ တစ်ထပ်ဆောင် (၁)ဆောင်၊ (၆၀ x ၃၀) ပေ တစ်ထပ်ဆောင် (၂)ဆောင်၊ (၁၀၈ x ၂၄)ပေ နှစ်ထပ်ဆောင် (၁)ဆောင်၊ (၃၀ x ၃၀) ပေ တစ်ထပ်ဆောင်(၁)ဆောင် စုစုပေါင်း (၆)ဆောင် ဖြည့်ဆည်း ဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အဲဒီကျောင်းမှာပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းက ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် (Quality Basic Education Project - QBEP) အနေနဲ့လည်း ဒီ အကာ၊ အခင်းနှင့် ပြတင်းများပြင်ဆင်ရန်အတွက် ငွေကျပ်သိန်း(၁၅၀) ခွဲဝေပေးရန် လျာထားချက်စာရင်းမှာ ထည့်သွင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်ဝင်းရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် အန္တရာယ်ရှိ ကျောင်းဆောင်ကြီးကို ဖျက်သိမ်းပြီး လာမည့်စာသင်နှစ်အမီ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဆက်လက် တင်ပြမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းရှိ (RC) နှစ်ထပ် အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်း၍ (၁၃၀ x ၃၀) ပေ (RC) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းတွင် ဘတ်ဂျက် လျာထား ထည့်သွင်းပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမေးတဲ့ မေးခွန်းအားလုံး အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးအများကြီးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ခုန ဥက္ကဋ္ဌကြီး နှုတ်ခွန်းဆက်စကားမှာ မိမိတို့၏ နယ်မြေဒေသအတွင်း ပြည်သူလူထု၏ လိုအပ်ချက်များကို အသေးစိတ်ကြည့်ပြီး မေးမြန်းတင်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီး ကျွန်တော်တို့အပါအဝင် ညွှန်ကြားရေးမှူးချုပ်များကို အပတ်စဉ် ဒီတစ်ပြည်လုံးမှာ မိမိတို့ လက်လှမ်းမီရာ တိုင်းပြည်နယ် ဒေသကြီးမှာရှိတဲ့ အန္တရာယ်ရှိ အဆောက်အအုံ၊ ဥပမိရုပ်မကောင်းတဲ့ ပညာရေးအဆောက်အအုံ၊ ပြုပြင်ရန်လိုအပ်တဲ့ အဆောက်အအုံတို့ကို တတ်အားသရွေ့ ကွင်းဆင်းကြည့်ရှုပြီးဖြစ်ပါတယ်။

အခု ကိုယ်စားလှယ်ကြီးများမေးတဲ့ မေးခွန်းတွေဟာလည်း အင်မတန် လိုအပ်လို့မေးတဲ့အတွက် လိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက်လည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို အထူးကျေးဇူးတင်ပါတယ်။ အလွတ်သဘော ကျွန်တော်တင်ပြရရင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တင်ပြတာ အမှန်အားဖြင့် ဒီ လက်ရှိအခြေအနေနဲ့စာရင် နည်းတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကို ပညာရေးဝန်ကြီးဌာနအနေနဲ့ မိဘလို သဘောထားပြီး အလွတ်သဘောတင်ပြရရင် အဲဒါမျိုး ကျွန်တော်တို့ ကွင်းဆင်းကြည့်ရှုပြီး အန္တရာယ်ရှိအဆောက်အအုံအဖြစ် ပြင်ဆင်ရန်လိုအပ်တဲ့ အဆောက်အအုံတွေဟာ (၆၀၀၀)လောက် ရှိပါကြောင်း ကျွန်တော် အလွတ်သဘော မိဘသဖွယ် လွှတ်တော်ကြီးအား တင်ပြပါတယ်။

အခုတင်ပြတဲ့ ဒီဆောင်ရွက်ချက်တွေ အားလုံးကလည်း လာမယ့် ၂၀၁၇-၂၀၁၈ မှာ ဘတ်ဂျက် လျာထား ဆောင်ရွက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒီ ဘတ်ဂျက် လျာထားဆောင်ရွက်မှုကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ဝိုင်းဝန်း စောင့်ရှောက်ပေးတော်မူကြပါရန် ကျွန်တော် မေတ္တာရပ်ခံအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ လျာထားချက်တွေအားလုံးသည် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် အဆင့်ဆင့်ကနေ ကျွန်တော်တို့ကို တာဝန်ပေးမှ၊ ခိုင်းမှ ဖြည့်ဆည်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အခုလို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးက နယ်မြေအခြေအနေအရ လိုအပ်ချက်ကို တိတိပပ တင်ပြသလို ကျွန်တော်တို့ကလည်း ကိုယ် ဖြည့်ဆည်းဆောင်ရွက်ချင်တဲ့လုပ်ငန်းများ ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာရသလို နယ်မြေဒေသမှာရှိတဲ့ ပြည်သူလူထုများအနေနဲ့ မိမိတို့ လိုအပ်ချက် တင်ပြတာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက ဖြည့်ဆည်းပေးနိုင်တဲ့အတွက် ကြည်နူးဝမ်းသာဖြစ်ကြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်နိုင်ခြင်းအတွက် ပညာရေးဝန်ကြီးဌာနက အမျိုးသားလွှတ်တော်ကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအား အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ ဒီ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက ဘယ်အချိန်ပဲ ခိုင်းခိုင်း တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ ဖြေရှင်းတင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပညာရေး ဒုတိယဝန်ကြီး ဖြေကြားသွားတာတွေကို မှတ်သားပါ။ ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ ပြန်ရောက်ရင်လည်း ကိုယ့်ပြည်သူလူထုကို ကျွန်တော်တို့အစိုးရက ဘယ်လိုဆောင်ရွက်ပေးနေတယ် ဆိုတာလေးတွေကိုလည်း အသိပေး တင်ပြစေလိုပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက် ဆရာဝန်များ လစ်လပ်လျက်ရှိပါသောကြောင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်အလွန်ခက်ခဲမှု ဖြစ်နေပါသဖြင့် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက်ရှိပါသောကြောင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် အလွန်ခက်ခဲမှု ဖြစ်နေပါသဖြင့် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်

(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက် ရှိပါသောကြောင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အလွန်ခက်ခဲမှု ဖြစ်နေသဖြင့် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးမြန်းရခြင်းရဲ့ အကြောင်းပြချက်ကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဥမ္မာ သည် ၁၇-၇-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ နား၊ နှာခေါင်း အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်စိုးသည် ၁-၂-၂၀၁၆ ရက်နေ့တွင် ပြောင်းရွှေ့သွားပါသဖြင့် ၎င်းတို့နေရာတွင် လစ်လပ်လျက်ရှိပြီး ပြန်လည်ခန့်ထားနိုင်ခြင်း မရှိသေးသည့်အပြင် အထူးကုလက်ထောက်ဆရာဝန်များလည်း ဗန်းမော်ဆေးရုံကြီးတွင် မရှိပါ။ ဒါ့ကြောင့် ဗန်းမော်ဆေးရုံကြီး၌ လက်ရှိ လက်ထောက်ဆရာဝန် စုစုပေါင်း(၁၄)ဦးသာ ရှိပါသဖြင့် လက်ထောက်ဆရာဝန်များ လိုအပ်လျက်ရှိနေကြောင်း ကျွန်တော်ကိုယ်တိုင် ဗန်းမော်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်မေးမြန်း၍ သိရှိရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက်ရှိပါသောကြောင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အလွန်ခက်ခဲမှု ဖြစ်နေပါသဖြင့် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ရေဇွာမြို့နှင့် လိုင်လင်းပီမြို့များတွင်ရှိသော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအား (၂၅)ခုတင်ဆံ့ ဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ ရေဇွာမြို့နှင့် လိုင်လင်းပီ မြို့များတွင်ရှိသော (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား (၂၅) ခုတင်ဆံ့ ဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဇွာမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံဟာဆိုလို့ရှိရင် ၁၉၇၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ယနေ့ဆိုရင် နှစ်ပေါင်း (၄၃)နှစ် ကြာမြင့်နေပြီဖြစ်ပါတယ်။ ယခုအခါ မြို့ပေါ်ရပ်ကွက်များနဲ့ ပတ်ဝန်းကျင်ကျေးရွာများတွင် လူဦးရေထူထပ်လာပြီး လူနာများ တစ်နေ့တခြား များပြားလာပါတယ်။ ရေဇွာမြို့မှ အနီးဆုံးဆေးရုံသို့ သွားမယ်ဆိုလို့ရှိရင် မတူပီမြို့သို့ (၆၇)မိုင်၊ ဟားခါးမြို့သို့ (၁၀၅)မိုင် ကွာဝေးပါတယ်။ ရေဇွာ တိုက်နယ်ဆေးရုံတွင် ၂၀၁၅ ခုနှစ်တွင် ပြင်ပလူနာ(၃၀၉၉)ဦး၊ အတွင်းလူနာ(၂၅၈)ဦး၊ (၁)လ ပျှမ်းမျှ

လူနာဦးရေ(၂၈၀)ဦး ဆေးကုသခံယူခဲ့ကြပါတယ်။ ဆရာဝန် အချိန်ပြည့်ခန့်ထားခြင်းမရှိဘဲ ဟားခါးမြို့မှ လက်ထောက်ဆရာဝန်(၁)ဦးသာ ပူးတွဲခန့်ထားပါတယ်။ ၂၀၁၆ ခုနှစ်တွင် တပ်မတော်မှ ဆရာဝန် (၂)ဦး ယာယီချပေးသည့်အတွက် ယခင်နှစ်များထက် အနည်းငယ် အဆင်ပြေခဲ့ပါတယ်။ ဆေးရုံဝန်ထမ်းများနှင့်ဆေးဝါးလုံလောက်စွာ ချထားပေးမည်ဆိုပါက ဒီထက် အဆပေါင်းများစွာ ဆေးကုသသူများပြားမှာ ဖြစ်ပါတယ်။

ထိုနည်းတူ လိုင်လင်းပီ တိုက်နယ်ဆေးရုံသည်လည်း ၁၉၉၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး (၂၆)နှစ် ကြာမြင့်နေပြီဖြစ်ပါတယ်။ လိုင်လင်းပီဆေးရုံတွင် ၂၀၁၅ ခုနှစ်တွင် ပြင်ပလူနာ (၄၃၅၂)ဦး၊ အတွင်းလူနာ(၁၅၉)ဦး၊ (၁)လပျှမ်းမျှ လူနာဦးရေ (၃၇၆)ဦး ဆေးကုသမှု ခံယူခဲ့ကြရပါတယ်။ လိုင်လင်းပီမြို့နယ်သည် ပတ်ဝန်းကျင်ကျေးရွာ လူဦးရေများပြားပြီး ဝေးလံသောဒေသဖြစ်၍ အနီးဆုံးမြို့နယ်ဆေးရုံသို့ သွားမယ်ဆိုလို့ရှိရင် မတူပီမြို့သို့ (၁၂၅)မိုင်၊ ထန်တလန်မြို့သို့ (၁၄၅)မိုင် ကွာဝေးပါတယ်။ ဒီ ခရီးအကွာအဝေးဟာဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသအတွက် နီးသည်ဟု ဆိုနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသအတွက် (၁)ရက် သို့မဟုတ် (၂)ရက် သွားရသောခရီးအကွာအဝေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဇွာနဲ့ လိုင်လင်းပီတိုက်နယ်ဆေးရုံ(၂)ခုသည် ဆေးဝါးအပြည့် အစုံမရှိသည့်အပြင် ဆရာဝန်အချိန်ပြည့် မခန့်ထားဘဲ ယာယီသာခန့်ထားပြီး ဝေးလံသောဒေသတွင် တည်ရှိသောကြောင့် အရေးပေါ်လူနာများ တစ်ခြားမြို့သို့ ဆေးကုသရန် ပို့ဆောင်နေစဉ် ခရီးဝေးသောကြောင့် လမ်းတစ်ဝက်၌ လူနာများ အသက်ဆုံးရှုံးမှု မကြာခဏ ဖြစ်ပေါ်နေပါတယ်။

သို့ဖြစ်ပါ၍ လူနာ နည်းသည်၊ များသည်ကို အဓိကမကြည့်ဘဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ ဝေးလံသောဒေသရှိ ရေဇွာမြို့ဆေးရုံနှင့် လိုင်လင်းပီမြို့ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းချပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် လွတ်လပ်၍ လူထု အခြေပြုသော CSO အဖွဲ့အစည်းများ ဖြစ်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် လွတ်လပ်၍ လူထုအခြေပြုသော CSO အဖွဲ့အစည်းများ ဖြစ်နိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ကြီးများ

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ လက်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့အစည်း များအား ဦးဆောင်နေသူများသည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အဆင့်ဆင့်သော အုပ်ချုပ် ရေးမှူးများ၏ ဇနီးများမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် အနယ်နယ်အရပ်ရပ်ရှိ ညွှန်ကြားချက်များ ကြောင့် သိရှိရပါတယ်ရှင်။ ပြည်သူများမှာလည်း ဒီမိုကရေစီခေတ်တွင် ဒီအဖွဲ့အစည်းများ ရှိပါသေး လားဟု မေးမြန်းမှုကို ကြည့်ခြင်းအားဖြင့် ကျွန်မတို့တိုင်းပြည်၏ အမျိုးသမီးထု ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ပြန်လည်သုံးသပ်သင့်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာ၌လည်း အမျိုးသမီးထုဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်ပယ် ပေါင်းစုံမှ အရပ်ဖက်အဖွဲ့အစည်းများစုပေါင်းကာ အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ပြီး အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေချိန်လည်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် ရပ်ကွက်၊ ကျေးရွာအဆင့်ထိ သက်ရောက်မှုများရှိ၍ အမျိုးသမီးထု ဖွံ့ဖြိုးတိုး တက်ရန် အမှန်တကယ် စွမ်းဆောင်နိုင်သောအခွင့်အလမ်းများလည်း ရှိနေပါတယ်ရှင်။ သို့သော်လည်း လက်ရှိတွင် အသင်းအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် လွတ်လပ်မှုမရှိဘဲ အသစ်အသစ် ပြောင်း လာသော လူကြီးကတော် ဥက္ကဋ္ဌအပေါ်၌ မှီခိုနေရခြင်းကြောင့် ထိရောက်မှုမရှိဘဲ အမျိုးသမီးထု ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးများ၊ ဆုံးရှုံးမှုများ ရှိနေသလို နိုင်ငံတော်၏ပံ့ပိုးမှုသည်လည်း အဟော သိကံ ဖြစ်နေရပါတယ်ရှင်။ ထပ်မံ၍လည်း ထိုလူကြီးကတော် ဥက္ကဋ္ဌများ၏ လုပ်ငန်းများအား အဆင့် ဆင့်သော ပြည်ထဲရေးဝန်ထမ်းများမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေရတာလည်း ဖြစ်ပါ တယ်ရှင်။ ထို့ကြောင့် ဝန်ထမ်းများဟာ မိမိနှင့် မသက်ဆိုင်သော အလုပ်ပိုများအား တာဝန်ယူနေရ ခြင်းလည်း ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အမျိုးသမီးထုအား အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၏ ထောက်ပံ့ ကူညီမှုဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများသည် လွတ်လပ်၍ စွမ်းဆောင်နိုင်သော လူထုမှရွေးချယ်တင်မြှောက်သော၊ လူထုအခြေပြုနိုင်သော CSO အဖွဲ့အစည်းများဖြစ်ရင် ပိုမိုထိရောက်နိုင်ခြင်းရှိသောကြောင့် ဒီမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက် ရှိပါသောကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အလွန်ခက်ခဲမှုရှိသဖြင့် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာပါ။

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် (သစ်လွင်) (၄)ဦးအား ကုသရေးဦးစီးဌာန၏ ၁၈-၁၀-၂၀၁၆ နေ့စွဲဖြင့်လည်းကောင်း၊ လုပ်သက်ရဆရာဝန်(၅)ဦးအား ၂၆-၁၀-၂၀၁၆ ရက်စွဲဖြင့်လည်းကောင်း ခန့်အပ်ပေးထားပြီးဖြစ်ပါတယ်။ ဗန်းမော်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၆၊ ဇန်နဝါရီလမှ ဇွန်လအထိ စာရင်းဇယားများအရ တစ်နေ့ပျမ်းမျှလူနာဦးရေ(၁၁၂)ဦးနှင့် ပျမ်းမျှပြင်ပလူနာဦးရေ (၁၄၈)ဦးခန့်ရှိပြီး လက်ရှိအချိန်တွင် အထူးကုဆရာဝန် (၁၆)ဦး၊ လက်ထောက်ဆရာဝန်(၂၅)ဦးဖြင့် စုစုပေါင်းဆရာဝန်(၄၁)ဦးဖြင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်လျက်ရှိသော မျက်စိအထူးကုဆရာဝန်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တာဝန်ချနိုင်ရန် ကျွန်တော်ကိုယ်တိုင် ခွင့်ပြုပြီးဖြစ်ပါတယ်။ သူတို့ရဲ့ နာမည်လည်း အားလုံးရှိပါတယ်။ မကြာခင်မှာ မျက်စိနှင့် နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်များ တာဝန်သွားပြီးတော့ ထမ်းဆောင်မှာဖြစ်ပါတယ်။ ဒီဆေးရုံကြီးကို ကျွန်တော်တို့ ကြည့်တဲ့အခါမှာ သူနာပြုအဆင့်(၂)က (၁၄)ဦးရှိရမယ့်နေရာမှာ (၁၄)ဦး ရှိပါတယ်။ သူနာပြုအဆင့်(၃)က (၉၄)ဦးရှိတဲ့နေရာမှာ (၅၀)ဦးရှိပါတယ်။ သူနာပြု အဆင့်(၂)က (၁၈၀)ဦးရှိရမယ့်နေရာမှာ (၁၁၄)ဦးရှိတဲ့အတွက် စုစုပေါင်း သူနာပြု(၁၆၄)ယောက်နဲ့ သူနာပြု အဆင့် (၂) (၁၄)ယောက်နဲ့ တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် အနည်းငယ်တော်တော် လုံလောက်မှုတော့ ရှိမည်ဟုထင်ပါတယ်။ သို့သော်လည်း အသေးစိတ်လေ့လာပြီး မလုံလောက်ဘူး ဆိုလျှင် ကျွန်တော်တို့ နိုဝင်ဘာလမှာ သူနာပြု (၂၅၅)ဦး ကျွန်တော်တို့ ခန့်ပါမယ်။ အဲဒီထဲက ကျွန်တော်တို့ ကြည့်ပြီး လိုအပ်လျှင် လိုအပ်သလို ပေးပါမယ်။ သွားဆရာဝန်အနေနဲ့ ကြည့်တဲ့ အခါမှာ (၂)ဦးရှိတဲ့နေရာမှာ (၁)ဦးရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ Cabinet က အထူးကိစ္စ တစ်ရပ်အနေနဲ့ နောက်ထပ် သွားဆရာဝန်(၂၁၄)ဦးကို ခန့်အပ်ဖို့ပြီးခဲ့တဲ့အပတ်က သဘောတူညီခဲ့တဲ့အတွက် ဗန်းမော်ဆေးရုံကြီး ကလည်း ခုတင်(၂၀၀)ဆံ့ဖြစ်တဲ့အတွက် နောက်ထပ် သွားဆရာဝန်(၁)ဦးလည်း ကျွန်တော့်အနေနဲ့ မကြာခင် တာဝန်ထမ်းဖို့ ကျွန်တော် လုပ်ပေးမယ်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြချင်တာက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တစ်ပြည်လုံးမှာရှိတဲ့ အဆင့်ဆင့်သော ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ၊ တိုင်းနဲ့ပြည်နယ်အဆင့်ဆင့် ဆေးရုံတွေမှာရှိတဲ့ ဝန်ထမ်း၊ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်၊ ဆရာဝန်၊ အထူးကုဆရာဝန်၊ အခြားဝန်ထမ်းများ အခြားဝန်ထမ်းများဆိုတာ ဓာတ်မှန်၊ ဓာတ်ခွဲဝန်ထမ်းများ၊ ထို့အပြင် ဒီဆေးရုံတိုင်းမှာရှိတဲ့ ဒီဓာတ်မှန် Emission Equipment ဓာတ်ခွဲပစ္စည်းတွေက စာရင်းဇယားနဲ့ လောလောဆယ် လုပ်ကိုင်ဆောင်ရွက်လို့ရတယ်။ ပြုပြင်ရန်လိုတယ်။ လုံးဝမရှိ။ ဒါတွေကိုလည်း ကျွန်တော့်အနေနဲ့ အကုန်လုံးလေ့လာဖို့ ခိုင်းထားပြီးတာ ဖြစ်ပါတယ်။

သူတို့ဆီက စာရင်းဇယားများ ပြန်လည်ရတဲ့အခါမှာ ကျွန်တော်တို့ ကြိုတင်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ မမေးခင်ကတည်းက လိုအပ်လျှင် လိုအပ်သလို ဖြည့်ဆည်းပေးဖို့ လုပ်ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ခြုံငုံသုံးသပ်ရမယ်ဆိုလို့ရှိရင်တော့ ဗန်းမော်ဆေးရုံကြီးမှာ ဒီလိုဆရာဝန်တွေ ခန့်လိုက်တဲ့အတွက် အခုအချိန်ခါမှာတော့ တော်တော်လေး လူနာများကိုလည်း ကုသမှုလည်ပတ်နိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ မေးခွန်း(၁)ကိုတော့ ကျွန်တော် အဲလောက်ပဲ ဖြေခွင့်ပြုပါ။ ကျေးဇူးတင်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ရေဇွာမြို့နယ်နှင့် လိုင်လင်းပီမြို့နယ်များတွင်ရှိသော (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအား (၂၅) ခုတင်ဆံ့ ဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားပါမယ်။ ချင်းပြည်နယ် မတူပီမြို့နယ်တွင် လူဦးရေ (၃၉၀၀၀) ကျော် နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ရေဇွာတိုက်နယ်ဆေးရုံ၊ လိုင်လင်းပီတိုက်နယ်ဆေးရုံ၊ လုံငိုးတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ(၄)ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ မတူပီမြို့နယ် ရေဇွာတိုက်နယ်ဆေးရုံပိုင်နယ်မြေတွင် ကျေးရွာအုပ်စုပေါင်း (၂၄)အုပ်စု၊ ကျေးရွာပေါင်း(၃၅)ရွာ၊ အိမ်ခြေ(၁၉၄၉)အိမ်နဲ့ လူဦးရေ(၁၅၀၀၀) ကျော်ရှိပါတယ်။ ရေဇွာတိုက်နယ်ဆေးရုံတွင် မတူပီမြို့နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့အတိုင်း (၆၇)မိုင်ဝေးပါတယ်။ ရေဇွာတိုက်နယ်ဆေးရုံဟာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ကျွန်တော် စာရင်းဇယားများကို ပြန်လည်သုံးသပ်တဲ့အခါမှာတော့ ပြင်ပလူနာက ပျမ်းမျှ(၆)ဦးပဲ ရှိတယ်လို့တွေ့ရပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့စာရင်းဇယားနဲ့ ကွာနေတယ်ဆိုတာ သိရပါတယ်။ အတွင်းလူနာမှာလည်း (၁)ဦးခန့်သာရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ဟားခါးဆေးရုံက ဆရာဝန်(၁)ဦး (၃)လလျှင် တစ်ကြိမ် သွားပြီးတော့ တာဝန်ထမ်းဆောင်ဖို့ လိုပါတယ်။

သို့သော်လည်း ဆေးရုံမှာဆိုလို့ရှိရင် ကာကွယ်ရေးဝန်ကြီးဌာနက ဆရာဝန်(၂)ဦးသည် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ဖို့ တာဝန်ချထားတဲ့အတွက် တော်တော်လေး အဆင်ပြေပါတယ်။ ဒီလို ခက်ခဲတဲ့နေရာမှာ တပ်မတော်ကလာပြီးတော့ ဆရာဝန်(၂)ဦး တာဝန် ကျွန်တော်တို့ကို ကူညီတဲ့အတွက် ကျွန်တော်လည်း အလွန်ကျေးဇူးတင်ပါတယ်။ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ သို့ရာတွင် (၁)နှစ်ပျမ်းမျှလူနာဦးရေကို ကျွန်တော် လွန်ခဲ့နှစ်(၄)(၅)နှစ်ရဲ့ Turf ကို ကြည့်လိုက်တဲ့အခါမှာ တက်လာကြောင်း မရှိတာကိုတော့ တွေ့ရပါတယ်။ ကလေးမွေးဖွားသူ အရေအတွက်မှာလည်း မရှိသလောက်နည်းပါးပြီး ဆေးရုံခွင့်ပြုခုတင်၏ အသုံးချမှုရာခိုင်နှုန်းဟာလည်း တိုးတက်လာခြင်းမရှိဘဲ ၂၀၁၅ ခုနှစ်တွင် (၁၁.၆၈) ရာခိုင်နှုန်းပဲဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ကျွန်တော် ဒီနေရာမှာ တစ်ချက်တင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း လူနာတွေ တကယ်ပဲ များလား၊ မများလားဆိုတာ ပြည်နယ်ဦးစီးမှူးကို မကြာခင်အတွင်း သွားရောက်ပြီးတော့ အသေးစိတ် စိစစ်ဖို့လိုပါတယ်။ ဒီကိစ္စအထူးလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ စာရင်းဇယားမှာ နည်းနေပြီးတော့ တကယ့် လွှတ်တော်ကိုယ်စားလှယ်ကြီးက Ground Reality မှာဖြစ်နေတာ များတယ်ဆိုရင် တစ်ခုခု ကျွန်တော်တို့ လိုနေတယ်ဆိုတာကို သိမှာပါ။ အဲဒါကြောင့်

ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဒီလို ကျွန်တော်တို့ကို ထောက်ပြတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။

မတူပီမြို့နယ်၊ လိုင်လင်းပီတိုက်နယ်ဆေးရုံမှာလည်း ကျေးရွာအုပ်စုပေါင်း(၁၇)အုပ်စု၊ ကျေးရွာပေါင်း(၂၆)ရွာ၊ အိမ်ခြေ(၁၉၇၆)အိမ်၊ လူဦးရေ(၁၁၀၀၀)ကျော်ရှိပြီး လိုင်လင်းပီတိုက်နယ်ဆေးရုံနှင့် မတူပီမြို့နယ်ဆေးရုံနဲ့က အလွန့်အလွန်ဝေးပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တွေ့တဲ့အခါမှာ ခုနက ဆေးရုံအတိုင်းပဲ ဒီ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ဆရာဝန်(၂)ဦး လာရောက်ပြီးတာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆရာဝန်(၁)ဦးပါ။ (၃)ဦးနဲ့ တာဝန်ထမ်းဆောင်ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော် တစ်နေ့ပျမ်းမျှအတွင်းလူနာ လူဦးရေဟာ တိုးတက်လာခြင်းမရှိတာကိုတော့ တွေ့ရပါတယ်။ ဆေးရုံ၏ ခွင့်ပြုခုတင်အသုံးချမှုဟာလည်း တိုးတက်မှုမရှိဘဲ ၂၀၁၅ ခုမှာ (၁၀)ရာခိုင်နှုန်းပဲရှိနေတာကို စိစစ်တွေ့ရှိရပါတယ်။ ဒီနေရာမှာလည်း ခုနက ကျွန်တော် တင်ပြတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်နဲ့ နည်းနည်းကွာဟနေတာတွေ့တဲ့အတွက် ပြည်နယ်ဦးစီးမှူးကို ကိုယ်တိုင်သွားရောက်ပြီးတော့ စစ်ဆေးဖို့ ကျွန်တော် အမြန်ဆုံးညွှန်ကြားမှာပါ။ လွှတ်တော်ပြီးတဲ့ ဒီနေ့ပဲ ကျွန်တော် တယ်လီဖုန်းနဲ့ အကြောင်းကြားပြီးတော့ သွားရောက်ကြည့်ဖို့လိုပါတယ်။

သို့ဖြစ်၍ ရေဇွာတိုက်နယ်ဆေးရုံနဲ့ လိုင်လင်းပီတိုက်နယ်ဆေးရုံဟာ မတူပီမြို့နယ်နှင့်ဝေးကွာသော်လည်း ဆေးရုံအညွှန်းကိန်းများမှာ ပြည့်ဝခြင်းမရှိပါ။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဝေးကွာတဲ့အတွက် ကျွန်တော်တို့က အထူးကိစ္စတစ်ရပ်အနေနဲ့တော့ စဉ်းစားပေးပါမယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဘာလုပ်ဖို့ ရှိပါသလဲဆိုတော့ မတူပီဆေးရုံသို့ တက်ရောက်သော လူနာများ၏ လိပ်စာကို ကျွန်တော် လေ့လာပါမယ်။ Address Mapping လုပ်ပြီးတော့ တောင်းဆိုတဲ့ တိုက်နယ်ဆေးရုံ(၂)ရုံရဲ့ Catchment Area လူဦးရေဘယ်လောက်သည် မတူပီအထိသွားရသလဲ တစ်ခါတည်းပေါ်မယ်။ ပေါ်မယ်ဆိုလို့ရှိရင် ဒီလူနာများသည် ဒီဆေးရုံကို ဘာကြောင့်မတက်ဘူး ဆိုတဲ့အကြောင်းသိမယ်။ ဒါကိုလည်း ကျွန်တော်တို့က ကွင်းဆင်းပြီးတော့ လူတွေကို အင်တာဗျူး လုပ်မယ်။ မေးလို့ရှိရင် သိမယ်။ ဘာကြောင့် ဒီဆေးရုံမှာ မတက်ရသလဲ၊ တပ်မတော်က ဆရာဝန်(၂)ဦး ရှိတယ်။ အရပ်ဘက်ကဆရာဝန်(၁)ဦးရှိတယ်။ ဒီလိုအခြေအနေရှိရဲ့သားနဲ့ ဘာကြောင့် ဒီဆေးရုံ မသွားသလဲ အကြောင်းတော့ပေါ်မယ်။ ဆိုလိုတာက အများကြီးအကြောင်းရှိမယ် ဆက်ဆံရေးမကောင်းလို့လား၊ အမျိုးမျိုးပေါ်လာမယ် ပေါ်လာလို့ရှိရင် အဲဒီ ပေါ်လာတဲ့အချက်ကို ကြည့်ပြီးတော့ အရေးတော့မယူဘူး ဆောင်ရွက်ပေးမှာပါ။

နောက်တစ်ချက်က ကျွန်တော် သူနာပြုတွေ ကြည့်တဲ့အခါမှာလည်း (၆)ယောက်ရှိတဲ့နေရာမှာ (၄)ယောက်ရှိပါတယ်။ ဒီလိုင်လင်းပီမှာလည်း (၆)ယောက်ရှိမှာ (၄)ယောက်ရှိတဲ့အတွက် လုံလောက်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ တင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော် အခြေအနေအားလုံးကို ခြုံငုံသုံးသပ်မှာပါ။ ဆိုလိုတာက ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးမှာတော့ Epidemiological Analysis လုပ်မှာပါ။ လုပ်ပြီးတော့ တိုက်နယ်ဆေးရုံ(၂)ရုံကိုတော့ ကျွန်တော် အထူးကြည့်မှာပါ။ ဘာလို့လဲဆိုတော့

ဒီဇရိယာတွေဟာ အလွန်ခက်ခဲတဲ့ဝန်းထဲမှာနေတဲ့ ပြည်သူလူထု ကျွန်တော်တို့ရဲ့ တိုင်းရင်းသား လူမျိုးတွေဖြစ်တဲ့အတွက် ကျွန်တော် အထူးကိစ္စရပ်အနေနဲ့ အဖြစ်နိုင်ဆုံးလုပ်ပေးပါမယ်။

ထို့အပြင် တိုက်နယ်ဆေးရုံမှာရှိတဲ့ ပစ္စည်းကိရိယာ၊ ဆေးကအစ လုံလောက်မှုရှိ/မရှိကို ချက်ချင်းအမြန်ဆုံး ကျွန်တော်တို့ တစ်ပတ်အတွင်း အဖြေရအောင် ကြည့်ပြီးလိုအပ်တဲ့ ဆေးတွေလည်း ပို့မယ် မရှိရင်။ အဲဒါကို ကျွန်တော် အမြန်ဆုံးလုပ်ပေးပါမယ်။ ဒီလို လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အလွန့်အလွန်ပဲ ကျေးဇူးတင်ပါတယ်။ ဒါ ကျွန်တော်တို့ကို အကူအညီပေးတဲ့သဘောပဲ ကျွန်တော် မြင်ပါတယ်။ နံပါတ်(၂)မေးခွန်းအနေနဲ့တော့ ဒီလောက်ပဲ ဖြေခွင့်ပေးပါ။

နံပါတ်(၃)မေးခွန်းဖြစ်တဲ့ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ၏ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် လွတ်လပ်၍ လူထုအခြေပြု သော CSO အဖွဲ့အစည်းများ ရှိ/မရှိ နဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားသွားပါမယ်။

ဒီနေရာမှာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဟာ ၁၉၉၀ ခုနှစ်က မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေအရ ဖွဲ့စည်းထားသော တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှု ပေးခြင်းဖြင့် မိသားစုများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာရေးကို ထောက်အကူပြုရန် ရည်ရွယ်ဖွဲ့စည်းထားပါတယ်။

ထိုသို့ ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)တို့အရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများ၏ ဇနီးများက တာဝန်ယူ ဆောင်ရွက် နေခြင်း ဖြစ်ပါတယ်။

ယခုအခါ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ် သော၊ အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် စွမ်းအားမြင့်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန် ယခုထက် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရေးကို ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိ ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် အသင်းကြီး သက်ဆိုင်သော အဆင့်ဆင့်သော ဥက္ကဋ္ဌနေရာများနှင့် ဗဟိုကောင်စီတွင် အစိုးရနှင့်မပတ်သက်သည့်သူ စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတ လုပ်ငန်းများကို လုပ်ကိုင်သူ၊ အငြိမ်းစားဝန်ထမ်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းမှ လူများဖြင့် ဥပဒေအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် တာဝန် အတွင်းမှ အထူးသဖြင့် ဗဟိုကောင်စီဝင်များကို ပြန်လည်ပြောင်းလဲ၍ ဖွဲ့စည်းရန် စီစဉ်လျက်ရှိရာ မကြာခင် ရက်ပိုင်း၊ အပတ်ပိုင်းအတွင်းမှာ ပြီးစီးပါတော့မယ်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို ပြည်သူလူထုကို ကိုယ်စားပြုသော ပြည်သူများမှ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ရှေ့နေချုပ်ရုံး၏ အကြံပြုချက်များကိုရယူပြီး သုံးသပ်ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ မကြာခင် ကာလအတွင်းမှာ လွှတ်တော်အသီးသီးသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဗဟိုကောင်စီဝင်များရွေးချယ်သည့် ကိစ္စနဲ့ပတ်သက်သော ဥပဒေအရတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာရှိပါတယ်။ ဒါကို ကျွန်တော်တို့ အကုန်လုံးလုပ်ပြီးတော့ မကြာခင်ရက်ပိုင်းအတွင်းမှာ အစိုးရအဖွဲ့ကို တင်ပြပြီး ကျွန်တော် အတည်ပြုချက်ယူပါမယ်။ သို့သော်လည်း တိုင်းဒေသကြီးခရိုင်မှာရှိတဲ့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးများရဲ့ ဇနီးများ လုပ်ဆောင်ချက်ကတော့ ဥပဒေအရ ကျွန်တော်တို့ ပြောင်းလို့ မရသေးတဲ့အတွက် ဒီဥပဒေကို ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော် ရှေ့နေချုပ်များနဲ့ တိုင်ပင်ပြီးဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအပိုင်းအနေနဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့သည် ယခင်အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (၆/၈၈)အရ ၈-၁၀-၂၀၀၃ ခုနှစ်တွင် အသင်းအဖွဲ့မှတ်ပုံတင် (၁၈၅၈)ဖြင့် စတင်ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ၃၁-၁၂-၂၀၁၇ ရက်ထိ နောက်နှစ်အထိ မှတ်ပုံတင်သက်တမ်းရှင်သန်လျက်ရှိသော ပြည်တွင်းအသင်းအဖွဲ့တစ်ခုဖြစ်ကာ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးရေးရာအဖွဲ့ အသင်းဝင်များဖြစ်သော သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများနှင့် ဇနီးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့တော့ တိုက်ရိုက်သက်ဆိုင်ခြင်း မရှိသောကြောင့် ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းကိုတော့ ရှင်းလင်းဖြေကြားခြင်းမပြုရန် ခွင့်တောင်းအပ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]